Cultural Orientation Resource Exchange

Burmese Version

ဒုက္ခသည်များအတွက် အရင်းအမြစ်များ



# အင်္ဂလိပ်စာ သင်ယူလေ့လာခြင်း

အကယ်၍ သင်သည် အင်္ဂလိပ်ဘာသာစကားအား မပြောဆိုလျှင် အမေရိကန်ပြည်ထောင်စု၌ အခြေချနေထိုင်ခြင်းသည် ကြောက်လန့်ထိတ်လန့်ဖွယ်ကောင်းပုံရသည် ဟု ထင်မှတ်ကောင်း ထင်မှတ်နိုင်ပေသည်။ အနီးအနားသွားလာခြင်း၊ အလုပ်အကိုင်တစ်ခုအား ရှာဖွေခြင်း နှင့် ကုန်စုံဆိုင်များသို့ ဈေးဝယ်ထွက်ခြင်းသည်ပင်လျှင် အကန့်အသတ်ရှိသော အင်္ဂလိပ်စာ ဘာသာစကား ပြောဆိုနိုင်စွမ်းများကြောင့် အခက်အခဲ ကြုံတွေ့ ရနိုင်ပေသည်။ သို့သော်လည်း အင်္ဂလိပ်ဘာသာစကား သင်ယူလေ့လာခြင်းသည် သင်၏ ရပ်ရွာအသိုင်းအဝိုင်း အသစ်တွင် သင် အောင်မြင်စွာ ချိန်ညှိနေထိုင်နိုင်စေရန် လုံးဝ အထောက်အကူပြုပေးမည် ဖြစ်ပါသည်။ သင်၏ အသက်အရွယ် သို့မဟုတ် လိင် အမျိုးအစား မည်သို့ပင်ရှိပါစေ အင်္ဂလိပ်ဘာသာစကား ပြောဆိုနိုင်ရန် နှင့် နားလည်သဘောပေါက်နိုင်ရန် သင်ယူလေ့လာခြင်းသည် သင့်အား မိမိကိုယ်ကို ပိုမို အားကိုးရပ်တည်လာနိုင်စေရန်၊ ပိုမိုလုပ်ခကောင်းမွန်သည့် အလုပ်အား ရှာဖွေနိုင်ရန် နှင့် အိမ်နီးချင်း၊ မိတ်ဆွေ အသစ်များဖြင့် ပေါင်းသင်းဆက်ဆံနိုင်စေရန် အစရှိသည်တို့တွင် သင့်အား အထောက်အကူပြုပေးမည် ဖြစ်ပါသည်။ အလုပ်တစ်ခုအား မရှာတွေ့ မီအချိန်၌ အင်္ဂလိပ်ဘာသာစကားအား လေ့လာရန် သင့်အတွက် အချိန် ရှိချင်မှ ရှိမည်ဖြစ်သော်လည်း သင် အလုပ်တစ်ခုအား ရှာဖွေတွေ့ ရှိပြီးသည်နှင့် တစ်ပြိုင်နက်မှု သင်သည် အင်္ဂလိပ်စာအား လေ့လာသင်ယူခြင်း နှင့် အလုပ်လုပ်ခြင်းတို့ကို တစ်ချိန်တည်း၌ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ သင်၏ အင်္ဂလိပ်စာ ဘာသာစကား တိုးတက်လာချိန်အထိ ဆေးရုံများ နှင့် တရားရုံးများ ကဲ့သို့သော နေရာများတွင် လိုအပ်သူများအတွက် စကားပြန်ဝန်ဆောင်မှုများအား ရရှိနိုင်ပါသည်။

## အင်္ဂလိပ်စာ လေ့လာသင်ယူခြင်း၏ အကျိုးကျေးဇူးများ



အင်္ဂလိပ်စာသည် အမေရိကန်ပြည်ထောင်စုအတွင်း တွင်ကျယ်စွာ လူအသုံးပြုအများဆုံးသော ဘာသာစကားတစ်ခုဖြစ်ပြီး၊ အကယ်၍ သင် အင်္ဂလိပ်ဘာသာစကားအား မသင်ယူထားပါက အမေရိကန်ပြည်ထောင်စုရှိ လူအများစုသည် သင်နှင့် စကားပြောဆိုနိုင်မည် သို့မဟုတ် သင့်အား နားလည်နိုင်မည် မဟုတ်ပေ။ ရှင်သန်ရပ်တည်ရန် နှင့် ကြီးပွားတိုးတက်ရန်အတွက် အင်္ဂလိပ်ဘာသာစကားအား သင် သင်ယူလေ့လာဖို့ လိုအပ်ပေသည်။ အကယ်၍ သင့်တွင် ကလေးများ ရှိလျှင် အင်္ဂလိပ်စကားအား နားလည်သိရှိထားခြင်းအားဖြင့် သင်သည် သင့်ကလေးများ၏ကျောင်း၌ ညှိနှိုင်းပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် သင် နေထိုင်သည့် မြို့တော် နှင့် ပြည်နယ်အတွင်း အများသူငှာဖြင့် အဆက်အသွယ်ရှိ၍ သတင်းအချက်အလက်များ သိရှိထားသော အရပ်သားနေထိုင်သူတစ်ဦး ဖြစ်စေရန်အတွက်ငှာ သင့်အနေနှင့် အင်္ဂလိပ်စာအား သင်ယူလေ့လာထားဖို့ လိုအပ်မည်ဖြစ်သည်။ ယူအက်စ် နိုင်ငံသားအဖြစ် သင် လျှောက်ထားချိန်၌လည်း စာမေးပွဲစစ်ဆေးချက်အား အောင်မြင်ရန်အတွက် သင် အင်္ဂလိပ်စာအား သင်ယူလေ့လားထားဖို့ လိုအပ်ပေသည်။

အင်္ဂလိပ်စာ
သင်ယူလေ့လာခြင်း







ဘာသာစကားအား သင်ယူရန် ပြင်းပြသည့် စိတ်ဆန္ဒ သင့်တွင် ရှိပါက အင်္ဂလိပ်စာအား သင် အလွန်လျင်မြန်စွာ သင်ယူတတ်မြောက်နိုင်မည် ဖြစ်သည်။ ဤသည်တို့မှာ အင်္ဂလိပ်စာအား သင်ယူလေ့လာရန် မည်သည့်အတွက်ကြောင့် အရေးကြီးကြောင်း အကြောင်းအရင်း အချို့ ဖြစ်ပေသည် -

- အလုပ်အကိုင်တစ်ခု ရရှိရန် နှင့် လုပ်ငန်းခွင်တွင် အောင်မြင်မှုရရှိရန်။
- သင့်ကလေးများ၏ ဆရာ၊ဆရာမများဖြင့် ဆက်သွယ်ပြောဆိုနိုင်ရန်။
- သင်၏ ကလေးများ နှင့် မြေးများ ပြောဆိုနေကြသည့် အကြောင်းအရာများကို သိရှိနိုင်ရန်။
- လွတ်လပ်စွာ သွားလာဆောင်ရွက်နိုင်ရန် - အများပြည်သူ ပို့ဆောင်ဆက်သွယ်ရေးအား အသုံးပြုနိုင်ရန် နှင့် သင်ကိုယ်တိုင် နှင့် သင်၏မိသားစုအတွက် ဈေးဝယ်ထွက်နိုင်ရန်။
- သင်၏ အိမ်နီးချင်းများဖြင့် စကားပြောဆိုနိုင်ရန်။
- တယ်လီဗေးရှင်း၊ သတင်းစာ နှင့် အင်တာနက်တို့မှတဆင့် ကမ္ဘာပေါ်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သိရှိနိုင်ရန်။
- အမေရိကန်ပြည်ထောင်စု၏ တိုင်းတစ်ပါးသားအား နိုင်ငံသားအဖြစ် လက်ခံခြင်း စစ်ဆေးမှုအား အောင်မြင်ရန်၊ သို့မှသာ သင်သည် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံသားတစ်ဦး ဖြစ်လာနိုင်မည်ဖြစ်သည်။
- လုပ်ဖော်ကိုင်ဖက်များ နှင့် ရပ်ရွာအသိုင်းအဝိုင်းအတွင်းမှ အခြားသောသူများဖြင့် စကားပြောဆိုနိုင်ရန်။
- ဆရာဝန်ဖြင့် ချိန်းဆိုမှုများ ပြုလုပ်နိုင်ရန် နှင့် စကားပြန်တစ်ဦး မလိုအပ်ဘဲ ၎င်းတို့ဖြင့် တွေ့ဆုံပြသနိုင်ရန်။

## အင်္ဂလိပ်စာ သင်တန်းများ

ရပ်ရွာအဖွဲ့အစည်း တော်တော်များများသည် မကြာသေးခင်ကမှ အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိလာသည့် ရွှေ့ပြောင်းနေထိုင်သူများ နှင့် ဒုက္ခသည်များတို့အတွက် အင်္ဂလိပ်စာ သင်တန်းများအား ကမ်းလှမ်းထောက်ပံ့ပေးသည်။ အချို့မှာ အခမဲ့ ဖြစ်ပြီး၊ သင့်အနီးတွင် ရရှိနိုင်သည့် အင်္ဂလိပ်စာ သင်ယူလေ့လာနိုင်မည့် အခွင့်အလမ်းများကို သင်၏ ပြန်လည်အခြေချနေထိုင်ရေး အေဂျင်စီမှ ကူညီ ရှာဖွေပေးမည် ဖြစ်ပါသည်။

အင်္ဂလိပ်စာသင်တန်းများတွင် အမျိုးမျိုးသော အသက်အရွယ်ရှိသည့် ပညာရေး နှင့် တိုင်းရင်းသားနောက်ခံ အသိုင်းအဝိုင်းအသီးသီးမှ အမျိုးသားများ နှင့် အမျိုးသမီးများတို့သည် အတူထိုင်ကြရမည်ဖြစ်သည်။ အစပိုင်းအဆင့် သင်တန်းများတွင် ကျောင်းသားများသည် ပုံမှန်အားဖြင့် အသစ်ရောက်ရှိလာသူတစ်ဦးအနေနှင့် အနီးအနားသွားလာသည့်အခါတွင် အသုံးပြုရန် လိုအပ်သော ရိုးရှင်းပြီး လက်တွေ့ကျသည့် အင်္ဂလိပ်စာအား သင်ယူလေ့လာကြရသည်။ ဥပမာဆိုရလျှင် စတိုးဆိုင်တစ်ခုတွင် သင် ပစ္စည်းများ ဝယ်ယူခြင်း၊ ဘတ်စ်ကား အချိန်စာရင်းတစ်ခုအား ဖတ်ရှုခြင်း သို့မဟုတ် အလုပ်အကိုင်တစ်ခုအား ရှာဖွေခြင်း အစရှိသည်တို့တွင် သင့်အား အထောက်အကူပြုပေးနိုင်သော အင်္ဂလိပ်စာ စကားစုများကို သင် သင်ယူလေ့လာကောင်း လေ့လာရပေမည်။ အချို့သော အတန်းများတွင်မူ ဟိုတယ်တစ်ခု၌ အလုပ်လုပ်ခြင်း သို့မဟုတ် ဆေးဘက်ဆိုင်ရာ နယ်ပယ်တစ်ခုအတွင်း အလုပ်လုပ်ခြင်းကဲ့သို့သော အချို့ အလုပ်အကိုင်များအတွက် သိရှိထားရန် လိုအပ်သည့် အင်္ဂလိပ်စာအား သင်ကြားကြရသည်။ ပိုမိုအဆင့်မြင့်သော အတန်းများတွင်မူ ကျောင်းသားများသည် အင်္ဂလိပ်စာ သဒ္ဒါ၊ စာဖတ်ခြင်း နှင့် စာအရေးအသားပိုင်းတို့ကို ပိုမို အာရုံစိုက်ကြရသည်။ ကျောင်းသားများအား ကောလိပ်ကျောင်းအတွက် ပြင်ဆင်ပေးသည့် အင်္ဂလိပ်စာသင်တန်းများလည်း ရှိပေသည်။

## အင်္ဂလိပ်စာ သင်ယူလေ့လာရန် အခြားသော နည်းလမ်းများ

အင်္ဂလိပ်စာ သင်ယူလေ့လာရန် နည်းလမ်းမျိုးစုံ ရှိပေသည်။ နည်းလမ်းများအား ပေါင်းစပ်အသုံးပြုခြင်းသည် ထိရောက်မှုအရှိဆုံး ဖြစ်တတ်ပေသည်။ အောက်ဖော်ပြပါတို့သည် စာသင်ခန်းပြင်ပ၌ အင်္ဂလိပ်ဘာသာစကားအား သင်ယူလေ့လာနိုင်မည့် နည်းလမ်း ဥပမာအချို့ ပင် ဖြစ်သည် -

**လုပ်ငန်းခွင်တွင် အင်္ဂလိပ်စာ သင်ယူလေ့လာခြင်း။** သင် အလုပ်အကိုင်တစ်ခုအား ရရှိချိန်တွင် အဆိုပါအလုပ်အကိုင်အတွက် အသုံးဝင်သည့် အင်္ဂလိပ်စာ ဝေါဟာရများ နှင့် စကားအသုံးအနှုန်းများအား သင် လေ့လာသင်ယူကောင်း သင်ယူရပေမည်။ သင့်တွင် အင်္ဂလိပ်ဘာသာစကား ပြောဆိုသည့် လုပ်ဖော်ကိုင်ဖက်များ ရှိပေမည်၊ ထို့ပြင် အမှုသည်များ သို့မဟုတ် သုံးစွဲသူ ဖောက်သည်များတို့ ရှိနိုင်ပေသည်။ ၎င်းတို့ဖြင့် စကားပြောဆိုခြင်းသည် သင်၏ အင်္ဂလိပ်စာအား တိုးတက်လာစေရန် အထောက်အကူပြုပေးမည် ဖြစ်သည်။

**သင်၏ ရပ်ရွာအဖွဲ့အစည်းအတွင်း အင်္ဂလိပ်စာ သင်ယူလေ့လာခြင်း။** လူမှုပေါင်းသင်းဆက်ဆံရေး ဝင်ဆံ့မှုရှိပြီး၊ လူအသစ်များဖြင့် တွေ့ဆုံသိကျွမ်းရန် စိတ်အားထက်သန်မှုရှိပါ။ စတိုးဆိုင်များတွင် လူစိမ်းများဖြင့် ပြောဆိုခြင်း နှင့် သူငယ်ချင်းမိတ်ဆွေများ သို့မဟုတ် အိမ်နီးချင်းများတို့ဖြင့် အင်္ဂလိပ်စာ လေ့ကျင့်ခြင်းသည် အစပထမပိုင်း၌ ခက်ခဲနိုင်သော်လည်း လူအများစုသည် ခင်မင်တတ်ကြပြီး အကူအညီပေးလိုကြပေသည်။ သင်၏ ရပ်ကွက်အိမ်နီးချင်းအတွင်း အင်္ဂလိပ်ဘာသာစကား သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်မှု ကလပ်တစ်ခုအား စတင်ပါ သို့မဟုတ် ဝင်ရောက်ပါဝင်ပါ၊ ထို့နောက် အင်္ဂလိပ်ဘာသာစကားဖြင့်သာလျှင် ပြောဆိုရန်အတွက် ပုံမှန် တွေ့ဆုံပါ။ အဖွဲ့ နှင့်အတူ ပြတိုက်တစ်ခုသို့ လည်ပတ်ခြင်း သို့မဟုတ် ပန်းခြံတစ်ခုအတွင်း လမ်းလျှောက်ခြင်း ကဲ့သို့သော သင် ပျော်ရွှင်နှစ်ခြိုက်သည့် လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ရန် အစီအစဉ် ရေးဆွဲပါ။ ဤသည်မှာ ဘာသာစကားအား သင်ယူလေ့လာနေသည့် သို့မဟုတ် အင်္ဂလိပ်ဘာသာစကားအား ပြောဆိုနိုင်ပြီးသားဖြစ်သည့် အခြားသောသူများဖြင့် အင်္ဂလိပ်လို ပြောဆိုလေ့ကျင့်နိုင်ရန် နည်းလမ်းကောင်းတစ်ခု ဖြစ်ပေမည်။ ဤသည်မှာ အမေရိကန် ယဉ်ကျေးမှု နှင့် ဓလေ့ထုံးတမ်းများအား သင်ယူလေ့လာရန်အတွက်လည်း နည်းလမ်းကောင်း တစ်ခု ဖြစ်ပေသည်။

**လွတ်လပ်စွာ သင်ယူလေ့လာခြင်း။** သင်တတ်နိုင်သမျှ မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို အင်္ဂလိပ်စာအား သင်ယူလေ့လာရန် သင့်ကိုယ်သင် စိတ်ဓာတ်လှုံ့ဆော်မှု ပြုပါ။ အင်္ဂလိပ် ရုပ်ရှင်များ သို့မဟုတ် တီဗီရှိုးအစီအစဉ်များအား ကြည့်ရှုခြင်း သို့မဟုတ် အင်္ဂလိပ် အစီအစဉ်များအား ရေဒီယိုပေါ်တွင် နားထောင်ခြင်း အစရှိသည်တို့အားဖြင့် ဤသင်ကို သင် ဆောင်ရွက်နိုင်ပေသည်။ သင် သင်ယူတတ်မြောက်သော စကားလုံး အသစ်များ စာရင်းတစ်ခုကို ပြုလုပ်ထားပြီး၊ သင့်အနီးဝန်းကျင်ရှိ လမ်းဆိုင်းဘုတ်များ၊ ဘတ်စ်ကားများ နှင့် စတိုးဆိုင်ပြတင်းပေါက်များတို့တွင် သင် တွေ့ ရှိရသည့် အင်္ဂလိပ်စာများအား ကြိုးစားဖတ်ရှုကြည့်ပါ။

**မိသားစုလိုက် သင်ယူလေ့လာခြင်း။** သင့်မိသားစုအတွင်းမှ တစ်ဦးတစ်ယောက်စီတိုင်းသည် သင်နှင့်အတူ အင်္ဂလိပ်စာအား သင်ယူလေ့လာကြမည် ဖြစ်သည်။ အင်္ဂလိပ်ဘာသာစကား ဂိမ်းများအား ဆော့ကစားခြင်း နှင့် နေအိမ်တွင် နေ့စဉ် အချိန်တစ်ခုအား "အင်္ဂလိပ်ဘာသာစကားသာလျှင်" အသုံးပြုသည့်အချိန်အဖြစ် သတ်မှတ်ထားခြင်း အစရှိသည်တို့အားဖြင့် ပျော်ရွှင်ဖွယ်သော မိသားစုလိုက် လှုပ်ရှားဆောင်ရွက်မှုတစ်ခုအား ပြုလုပ်ဖန်တီးပါ။ စာသင်ခန်းအတွင်း သို့မဟုတ် အထူး ပွဲအစီအစဉ်များ၌ အကူအညီပေးရန် လုပ်အားပေးခြင်းအားဖြင့် သင့်ကလေး၏ စာသင်ကျောင်းတွင် ပါဝင်ဆောင်ရွက်ပါ။ ကလေးများသည် ဘာသာစကားအသစ်များအား လျှင်မြန်စွာ သင်ယူတတ်မြောက်ကြပေသည်၊ သို့ဖြစ်ရာ ၎င်းတို့နောက် အမှီလိုက်နိုင်ရန် အရေးကြီးပေသည်။

## အင်္ဂလိပ်စာ သင်ယူတတ်မြောက်ရန် အချိန်ပေးရပေသည်

အစပိုင်းတွင် သင့်အနေနှင့် အင်္ဂလိပ်ဘာသာစကား သင်ယူရန် အခက်အခဲ ရှိနိုင်ပြီး၊ စိတ်ရှုပ်ထွေးမှုကို ခံစားကောင်း ခံစားရပေမည်။ ဤသို့ ခံစားရခြင်းမှာ ပုံမှန်ပင် ဖြစ်သည်။ လူတစ်ဦးတစ်ယောက်စီတိုင်းသည် မတူညီသော စည်းချက်နှုန်း၊ မတူညီသော နည်းလမ်းများဖြင့် သင်ယူတတ်မြောက်ကြသည်။ သင့်အတွက် အကောင်းဆုံးဖြစ်မည့် နည်းလမ်းအား ရှာဖွေရန်အတွက်မှာ နည်းလမ်းအမျိုးမျိုးအား စမ်းသပ်ဆောင်ရွက်ကြည့်ပါ။ ဘာသာစကားအသစ်တစ်ခုအား သင်ယူရာ၌ အဓိက သော့ချက်ကျသည့်အရာမှာ နေ့စဉ် လေ့ကျင့်မှုပြုခြင်းပင် ဖြစ်သည်။ တစ်ရက်လျှင် ဆယ်မိနစ်ခန့်မျှ အင်္ဂလိပ်ဘာသာစကားဖြင့် ရေဒီယိုအား နားထောင်ရုံဖြင့် သို့မဟုတ် တီဗီကြည့်ရှုရုံဖြင့် အထောက်အကူ များစွာ ရရှိနိုင်မည် ဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ ပုံမှန်လေ့ကျင့်မှုနှင့်အတူ သင်သည် အင်္ဂလိပ်လို ပြောဆိုရာ၌ ပိုမို သက်တောင့်သက်သာ ရှိလာမည်ဖြစ်ပြီး၊ ဤသည်မှာ အမေရိကန်ပြည်ထောင်စု၌ သင်၏ နေသားကျချိန်ညှိနေထိုင်မှု လုပ်ငန်းစဉ်ကို လွယ်ကူလာစေရန် အထောက်အကူပြုပေးမည် ဖြစ်ပါသည်။ ဤသည်မှာ အချိန်တစ်ခု ကြာမြင့်မည်ဖြစ်သော်လည်း သင် ကြိုးပမ်းဆောင်ရွက်သည်နှင့်အမျှ ပိုမိုလွယ်ကူလာမည်ဖြစ်ပါသည်။

**Cultural Orientation Resource Exchange**
8719 Colesville Road, 3rd Floor • Silver Spring, MD 20910
For more information, visit the CORE Resettlement Navigator website at **corenav.org**.

Cultural Orientation Resource Exchange

The contents of this fact sheet were developed under an agreement financed by the Bureau of Population, Refugees, and Migration, United States Department of State, but do not necessarily represent the policy of that agency and should not assume endorsement by the Federal Government. **This material is in the public domain and may be reproduced.**